[illegible]
Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

မေလ ၂၄ရက်၊ ၂၀၂၃ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ မေလ ၈ရက်နေ့မှ ၂၁ ရက်နေ့ထိ၊ ၂၀၂၃ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၂ - မေလ ၇ရက်၊ ၂၀၂၃ | မေလ ၈-၂၁ ရက်၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၃၄၇ | ၁ | ၃၄၈ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၃၉၈ | ၁၀ | ၄၀၈ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၅ | | ၁၆၅ |
| | ဒီးမော့ဆိုမြို့နယ် | ၅၈၁ | ၁၉ | ၆၀၀ |
| | ဖယ်ခုံမြို့နယ် | ၃၂၈ | | ၃၂၈ |
| | ဖရူဆိုမြို့နယ် | ၆၇ | | ၆၇ |
| | ဘောလခဲမြို့နယ် | ၂၃ | ၉ | ၃၂ |
| | ရှားတောမြို့နယ် | ၁ | | ၁ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |

စကစ စစ်ဆင်ရေးများနှင့် ချိုးဖောက်မှုများပြုလုပ်သည့်နေရာ၊ မေလ(၈)ရက်မှ မေလ(၂၁)ရက်၊ ၂၀၂၃ခုနှစ်



**အမျိုးသမီးတစ်ဦးသေဆုံးပြီး အရပ်သား ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိသည့် ဒီးမော့ဆို၊ ဘောလခဲ၊ ဖရူဆိုနှင့် ဖယ်ခုံမြို့နယ်တို့မှ စစ်ကောင်စီ၏ လေကြောင်း၊ လက်နက်ကြီးနှင့် ပစ်ခတ်မှုများ**

လွန်ခဲ့သော နှစ်ပတ်အတွင်း စစ်ကောင်စီတပ်များမှ လေကြောင်းဖြင့်သော်လည်းကောင်း လက်နက်ကြီးများဖြင့်သော်လည်းကောင်း ဒီးမော့ဆို၊ ဘောလခဲ၊ ဖရူဆိုနှင့် ဖယ်ခုံမြို့နယ်များအတွင်း အရပ်သားများရှိရာသို့ ကျယ်ပြန့်စွာတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ၎င်းတိုက်ခိုက်မှုတွင် တပ်မ ၆၆ မှ တပ်မမှူး ဝင်းသူလင်း ကိုယ်တိုင် ခလရ ၁၀၂ တပ်တွင်လာရောက်ပြီး စစ်ဆင်ရေးများပြုလုပ်သော်လည်း ကရင်နီပြည်နယ်အတွင်းရှိ အဓိက သယ်ယူ ပို့ဆောင်သော လမ်းကြောင်းများအား ထိန်းချုပ်နိုင်ခြင်းမရှိပေ။ ထိုတိုက်ခိုက်မှုများအတွင်း အမျိုးသမီး တစ်ဦး သေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိကာ စာသင်ကျောင်းများ၊ ဆေးပေးခန်းများနှင့် ဘုန်းကြီးကျောင်းများ အပါအဝင် အဆောက်အဦး ဒါဇင် ထိခိုက်ပျက်စီးသွားခဲ့သည်။

မေလ ၉ရက်၊ နေပိုင်းတွင် ဘောလခဲ- ရွာသစ်လမ်းပေါ် စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်ကို KA, KNDF B-01, နှင့် ဘောလခဲ ပြည်သူ့ကာကွယ်ရေးတပ်တို့မှ ကြားဖြတ်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်မှ အနည်းဆုံး (၅)ဦးသေဆုံးပြီး ၎င်းတို့၏ လက်နက်ခဲယမ်းအချို့တို့ကိုလည်း သိမ်းဆည်းရမိခဲ့ပါသည်။ တိုက်ပွဲတွင် စစ်ကောင်စီ တပ်များမှ လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

မေလ ၁၀ ရက်၊ ညနေပိုင်းအချိန်တွင် စစ်ကောင်စီတပ်မှ ဒီးမော့ဆိုအနောက်ဘက်ခြမ်းသို့ လက်နက်ကြီး ၁၅လုံးဖြင့် ရမ်းသန်းပစ်ခတ်မှုများကြောင့် နေအိမ်နှစ်လုံးထိမှန်ပျက်စီးသွားခဲ့သည်။

မေလ ၁၂ ရက်၊ မွန်းလွဲ ၃ နာရီအချိန် ဖရူဆိုမြို့နယ်၊ ငွေတောင်ရွာသစ်ကျေးရွာတွင် နေအိမ်ခြံဝန်းအား ပြန်လည်ရှင်းလင်းနေသော စစ်ရှောင်ပြည်သူတစ်ဦးအား စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာအနည်းငယ် ရရှိသွားခဲ့သည်။။။

မေလ ၁၄ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ တနီးလားလဲကျေးရွာတွင် စစ်ကောင်စီတပ်နှင့် KA တို့မှ နှစ်ဖက်ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် တိုက်ခိုက် ပစ်ခတ်ကူညီမှုများ ၁၁ ကြိမ်တိတိ ပြုလုပ်ခဲ့ပါသည်။

မေလ ၁၆ရက်၊ ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ရွာသစ် သဲတောင်တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ကို ပြည်သူ့ကာကွယ်ရေးတပ်- ဒီးမော့ဆို မှ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီမှ လက်နက်ကြီးများဖြင့် ဆက်တိုက်ပစ်ခတ်မှုကြောင့် ထိခိုက်မှုတစ်စုံတရာမရှိဘဲ ပြန်လည်ဆုတ်ခွာနိုင်ခဲ့ပါသည်။ တရက်တည်းတွင် သေးဆူလဲကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်အား KNDF B-05 မှ ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။

မေလ ၁၇ရက်နေ့၊ နံနက် ၄ နာရီဝန်းကျင်ခန့်တွင် စစ်ကောင်စီတပ်မှ ဘောလခဲမြို့နယ်ရှိ စောလုံကျေးရွာအား အကြောင်းမဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ ၎င်းဗုံးကြဲမှုကြောင့် အသက် (၁၇)နှစ်အရွယ် အမျိုးသမီး တစ်ဦးသေဆုံးပြီး အမျိုးသား (၄)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် ကျေးရွာ၏ဆေးပေးခန်း (၂)လုံး၊ နေအိမ် (၆)လုံး နှင့်ဘုန်းကြီးကျောင်း အနည်းငယ်ပျက်စီးသွားပါသည်။ တစ်ရက်တည်းတွင် ဒီးမော့ဆို မြို့နယ်၊

ထီးဖိုးကလိုး ကျေးရွာအုပ်စုရှိ ကျေးရွာ (၃)ရွာများသို့ စစ်ကောင်စီတပ်မှ ပေါင်အလေးချိန် ၅၀၀ ရှိသော ဗုံးသီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် နေအိမ် (၉)လုံး၊ ကျောင်းတစ်ကျောင်းနှင့် စပါးကျီ (၃)လုံးထက်မနည်း ထိခိုက်ပျက်စီးခဲ့ပါသည်။





ဒီးမော့ဆိုအရှေ့ခြမ်းမှ လေကြောင်းဖြင့်တိုက်ခိုက်ခြင်း   မိုးဗြဲမှ စကစ၏ လက်နက်ကြီးထိမှန်ဒဏ်ရာရရှိသော အမျိုးသမီး

မေလ ၁၈ရက်၊ နံနက် ၃ နာရီခန့်တွင် ဒီးမော့ဆိုမြို့နယ်၊ ဒေါလောခူကျေးရွာနှင့် ဖဲလျားကျေးရွာတို့ကို စစ်ကောင်စီတပ်မှ ပေါင်အလေးချိန် ၅၀၀ ရှိသော ဗုံးဖြင့်တိုက်ခိုက်ခြင်းကြောင့် ဒေါလျားခူရွာမှ နေအိမ် (၅)လုံးနှင့် ဖဲလျားကျေးရွာမှ စာသင်ကျောင်းတစ်လုံး ထိခိုက်ပျက်စီးခဲ့ပါသည်။ ထိုတရက်တည်းအတွင်း နေ့လည် ၁၁ နာရီအချိန်တွင် ကား၁၀စီးပါသော စစ်ကောင်စီယာဉ်တန်းသည် မိုးဗြဲမြို့နယ်အတွင်းဖြတ်သွားစဉ် လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်မှုကြောင့် ပြည်သူ ၃ ဦးထိခိုက်ဒဏ်ရာ ရရှိသွားသည်။ သည့်အပြင် နေ့လည့် ၁၂ နာရီအချိန်ခန့်၌ မိုးဗြဲတွင် စစ်ကောင်စီတပ်မှ ပစ်ခတ်လိုက်သသည့် လက်နက်ကြီး တစ်လုံးကျရောက်ပေါက်ကွဲခဲ့ပြီး ခြံဝန်းအတွင်းတွင် ရှိနေသော အသက် ၄၁ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးအား ဘယ်ဘက်လက်မောင်း၊ လက်ပြင်၊ ခါးနှင့်ပေါင်တို့တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

မေလ ၁၉ရက်၊ ည ၇ နာရီအချိန်တွင် မိုးဗြဲမြို့၊ စည်ကား ၃ ရပ်ကွက်အတွင်း လက်နက်ကြီးများ ကျရောက်ပေါက်ကွဲမှုကြောင့် အသက် ၂၁ နှစ်အရွယ်အမျိုးသမီးတစ်ဦးညာဘက် ပေါင်တွင် ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။

မေလ ၂၀ ရက်၊ ဒီးမော့ဆိုမြို့နယ် အရှေ့ခြမ်းအား စစ်ကောင်စီတပ်များမှ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ နံနက် ၆နာရီ ၃၀ မိနစ်အချိန်တွင် တိုက်လေယာဉ်တစ်စီးဖြင့် (၃)ခါ ဗုံးကြဲတိုက်ခဲ့ပြီး ညနေ ၆ နာရီအချိန်တွင် တိုက်လေယာဉ်တစ်စီးဖြင့် ၅ ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် နေအိမ် ၂ လုံးထိမှန်ပျက်စီးပြီး တစ်လုံးအား မီးလောင်ပျက်စီးသွားခဲ့သည်။ ထိုတရက်တည်းတွင် ကရင်နီပြည်-ထိုင်းနယ်စပ်တစ်နေရာ ကရင်နီတပ်မတော်နှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ စစ်ကောင်စီတပ်ဖြစ်သည့် စကခ ၂ လက်အောက်ခံ ခမရ ၅၁၉၊ ခမရ ၃၃၄တို့မှ ထိုင်း-မြန်မာနယ်စပ်တွင် ရှိသော ကရင်နီတပ်မတော် ရှေ့တန်းတပ်စခန်းအား ချဉ်းကပ်တိုက်ခိုက်လာခဲ့ခြင်းဖြစ်ပြီး တိုက်ပွဲအတွင်း ကရင်နီတပ်မတော်မှ တစ်ဦးကျဆုံးကာ ၃ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**Contact persons:**
Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 24251608
Website : www.karennicsn.org
Facebook: Karenni Csn (or) https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com